# ဓမ္မခန္ဓာ (၆၇) အာဏာစက် (အလ်–မုလ်ကီ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၇)၊ သုတ်ဒေသနာ အပါး(၃၀)၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **تَبَارَكَ الَّذِي بِيَدِهِ الْمُلْكُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۞<br>အာဏာစက်အား ချုပ်ကိုင်ထားတော်မူသော အရှင်သည် ကျက်သရေမင်္ဂလာတော်ဖြင့် ပြည့်စုံတော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၂။ | **الَّذِي خَلَقَ الْمَوْتَ وَالْحَيَاةَ لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلًا وَهُوَ الْعَزِيزُ الْغَفُورُ** ۞<br>သင်တို့အနက် မည်သူသည် အကောင်းဆုံး ကျင့်ကြံသည်ကို စုံစမ်းရန်အလို့ငှာ အရှင်သည် အနိစ္စ၊ နိစ္စကို ဖြစ်တည်စေတော်မူ၏။ အရှင်သည် ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၁၀၆၈] |
| ၃။<br>☆၂း၂၆ | **الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ طِبَاقًا مَّا تَرَى فِي خَلْقِ الرَّحْمَنِ مِن تَفَاوُتٍ فَارْجِعِ الْبَصَرَ هَلْ تَرَى مِن فُطُورٍ** ۞<br>အရှင်သည် ကောင်းကင် ဂြိုလ်စဉ် ခုနစ်ဆက်ကို☆ ဖြစ်တည်စေ၍၊ သင်သည် ကရုဏာရှင်၏ ဖြစ်တည်စေခြင်း၌ အံချော်ခြင်းကို တွေ့ရမည် မဟုတ်ချေ။ ပြန်လှည့်၍ ကြည့်ရှုလော့ ချို့ယွင်းချက်ရှိသည်ကို တွေ့ရသလော။ |
| ၄။ | **ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ يَنقَلِبْ إِلَيْكَ الْبَصَرُ خَاسِأً وَهُوَ حَسِيرٌ** ۞<br>တဖန် အကြိမ်ကြိမ် လှည့်ကြည့်လော့၊ သင့်အကြည့်သည် သင့်ထံသို့ ညောင်းညာ နွမ်းလျခြင်းသာ ပြန်သင့်လတ္တံ့။ |
| ၅။ | **وَلَقَدْ زَيَّنَّا السَّمَاءَ الدُّنْيَا بِمَصَابِيحَ وَجَعَلْنَاهَا رُجُومًا لِّلشَّيَاطِينِ وَأَعْتَدْنَا لَهُمْ عَذَابَ السَّعِيرِ** ۞<br>ငါအရှင်သည် လောကီ ကောင်းကင်ကို မီးလုံးများဖြင့် ဆင်ယင်ထားတော်မူ၍၊ ၎င်းကို မကောင်းဆိုးဝါးတို့အတွက် မီးဒုံးများဖြင့် စီရင်ထား၏။ ငါအရှင်သည် သူတို့အတွက် လောင်ကျွမ်းခြင်း ဝဋ်ကြွေးအား ပြင်ဆင်ထားတော်မူ၏။[၁၀၆၉] |

---

**(၁၀၆၈)** ဘာသာတရား၏ ဒသနတွင် သဘာဝအလျှောက် သိနားလည်ထားသော သေခြင်း ရှင်ခြင်းဆိုသည်ကို လက်ခံခြင်း မရှိချေ။ မည်သည့် ဘာသာ တရားတွင် မဆို နိဗ္ဗာန် ငရဲ ဆိုသည်မှာ တိတိကျကျ ပြဌာန်းသွန်သင်ပြီးသား ဖြစ်ပေသည်။ လူသား၏ ယခု မြင်နေရသော ရုပ်ပိုင်းဆိုင်ရာ ရပ်တန့်သွားခြင်းကို သေသည်ဟု သတ်မှတ်သော်လည်း– အမှန်တကယ် သေခြင်း မဟုတ်ချေ။ အမှန်တကယ် သေသွားသူဖြစ်လျှင် နိဗ္ဗာန်၊ ငရဲကို မည်သို့ ခံစားနိုင်အံ့နည်း။ အစ္စလာမ်သာသနာသည် သေခြင်းမရှိ ဆိုသော ဒသနအား အပီပြင်ဆုံး သွန်သင်နိုင်သော သာသနာ ဖြစ်ပေသည်။ ဤလောကီ၌ ကျင့်ကြံအားထုတ်မှု၏ အကျိုးဆက်ကို ခံစားရာ ဘဝသည် ရှိနေပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် "မည်သူသည် အကောင်းဆုံး ကျင့်ကြံသည်ကို စုံစမ်းရန်အလို့ငှာ၊"ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။ ထို့အပြင် ကျမ်းတော်၏ ဒသနအရ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ခု၏ ကျဆုံးခန်းကိုလည်း သေသည်ဟု သတ်မှတ်ပေသည်။ လူမျိုးတစ်မျိုးသည် မကောင်းမှုများကို ကျင့်ကြံသူများပြားလာပါက ထိုမျိုးဆက်၊ ထိုတိုင်းပြည်သည် ကျဆုံးပျောက်ကွယ်ရမည်ပင်– ထိုနေရာ၌ အခြားသော မျိုးဆက်သစ်များ ပေါ်ပေါက်လာရမည်ပင် ဖြစ်တော့သည်။ ထိုအချင်းအရာကိုလည်း သေခြင်း ရှင်ခြင်းဟု သတ်မှတ်ပေသည်။

**(၁၀၆၉)** လောကီကောင်းကင် ဆိုသည်မှာ ကျွန်ုပ်တို့ ကမ္ဘာမှ မြင်ရသော ကောင်းကင်ယံကို ခေါ်ဆိုခြင်း ဖြစ်၍၊ ထိုကောင်းယံတွင် ကြယ်များ နဂါးငွေ့တန်းများဖြင့် ဆင်ယင်ထားခြင်း ဖြစ်ပေသည်။ ထိုကောင်းယံအား စိတ်ဓါတ်မကောင်းသော သူများထံမှ ကင်းရန် ကာကွယ်ထားသည်ဟု ၁၅း၁၆–၁၈။ ၄၁း၁၂ တို့တွင်လည်း ပြောထားပေသည်။ ဆိုလိုသည်မှာ– ထိုကောင်းကင်ရှိ ကြယ်တာရာများကို ကိုးကွယ်ပသသော လူမျိုးတို့ တွေးထင်နေသော ဒဏ္ဍာရီများနှင့် အမှန်တကယ် ဖြစ်တည်နေသော ကောင်းကင်ယံမှ လုံးဝမသက်ဆိုင်ဟု ဖြစ်ပေသည်။ သိပ္ပံရှုဒေါင့်မှ ပြောဆိုလျှင်

| | |
|---|---|
| ၆။ | وَلِلَّذِينَ كَفَرُوا بِرَبِّهِمْ عَذَابُ جَهَنَّمَ وَبِئْسَ الْمَصِيرُ ۝<br>ကံကြမ္မာရှင်အား ဖုံးကွယ်ငြင်းဆန်သော သူတို့အဘို့ ငရဲ ဝဋ်ကြွေးသည် ရှိ၏၊ ၎င်းသည် အကုသိုလ် ပန်းတိုင်ပင်ဖြစ်၏။ |
| ၇။ | إِذَا أُلْقُوا فِيهَا سَمِعُوا لَهَا شَهِيقًا وَهِيَ تَفُورُ ۝<br>သူတို့အား ထိုငရဲ၌ ခင်းကျင်းသောအခါ၊ ဟစ်ကြွေး ဆူပွက်သံကို ကြားရတွင့်၊ ယင်းသည် ငယ်သံပါအော်သံ ဖြစ်၏။ |
| ၈။ | تَكَادُ تَمَيَّزُ مِنَ الْغَيْظِ كُلَّمَا أُلْقِيَ فِيهَا فَوْجٌ سَأَلَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ نَذِيرٌ ۝<br>၎င်းသည် ဒေါသဟုန်းဟုန်း ပေါက်ကွဲမတတ် ဖြစ်နေ၏။ အုပ်စုတစ်စုအား ထိုငရဲ၌ ခင်းကျင်းလေတိုင်း၊ ၎င်း၏ အစောင့်က “သင်တို့ထံသို့ သတိပေးသူ မပေးရောက်ခဲ့သလော၊”ဟု မေးမြန်း၏။ |
| ၉။ | قَالُوا بَلَى قَدْ جَاءَنَا نَذِيرٌ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللَّهُ مِن شَيْءٍ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ كَبِيرٍ ۝<br>သူတို့က “အမှန်ပင်၊ ကျွန်ုပ်တို့ထံသို့ သတိပေးသူများ မုချ ရောက်ရှိခဲ့ပါ၏၊ သို့သော် သူတို့အား ကျွန်ုပ်တို့ ငြင်းဆန်၍၊ ပရမတ်ဘုရားရှင်သည် သင်တို့အား မည်သည့်ကိုမှ ချမှတ်ပေးခဲ့ခြင်း မဟုတ်၊ သင်တို့သည် ကြီးစွာသော အပါယ်လမ်း၌ ရှိသူများ ဖြစ်၏၊ ဟု ပြောဆိုမိပါ၏”ဟု ပြန်ပြောကြ၏။ |
| ၁၀။ | وَقَالُوا لَوْ كُنَّا نَسْمَعُ أَوْ نَعْقِلُ مَا كُنَّا فِي أَصْحَابِ السَّعِيرِ ۝<br>“အကယ်၍ ကျွန်ုပ်တို့သည် ကြားနာမှု သို့မဟုတ် အတွေးအခေါ်ရှိခဲ့လျှင်၊ ကျွန်ုပ်တို့သည် လောင်ကျွမ်းရခြင်း၏ အဖော်များ ဖြစ်ခဲ့မည် မဟုတ်ချေ၊”ဟုလည်း ပြောကြ၏။ |
| ၁၁။ | فَاعْتَرَفُوا بِذَنبِهِمْ فَسُحْقًا لِّأَصْحَابِ السَّعِيرِ ۝<br>သို့– သူတို့၏ ကံဝဋ်ကြွေးများကို ဝန်ခံကြရလျှက်၊ လောင်ကျွမ်းရခြင်း အဖော်တို့သည် အဝေးဆုံးသို့ ဆိုက်ရပြီ။[၁၀၇၀] |
| ၁၂။ | إِنَّ الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ۝<br>စေနပ်ပင် ကံကြမ္မာရှင်အား စက္ခုလွန်၍ပင် ကြောက်ရွံ့ရိုကျိုးတတ်သူတို့ အဘို့၊ လွတ်ငြိမ်းခြင်းနှင့် ကြီးမားသော အကျိုးဆုသည် ရှိနေ၏။ |
| ၁၃။ | وَأَسِرُّوا قَوْلَكُمْ أَوِ اجْهَرُوا بِهِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ۝<br>သင်တို့သည် စကားတစ်ခွန်းကို လျှို့ဝှက်ထားသည် ဖြစ်စေ၊ ဖွင့်ဟဖေါ်ထုတ်သည် ဖြစ်စေ– အရှင်သည် သင်တို့၏ ရင်တွင်း ခံစားချက်များကို သိနေတော်မူ၏။ |
| ၁၄။ | أَلَا يَعْلَمُ مَنْ خَلَقَ وَهُوَ اللَّطِيفُ الْخَبِيرُ ۝<br>အရှင်သည် အရှင်၏ ဖြစ်တည်စေခြင်းကို သိနေသည် မဟုတ်လော။ အရှင်သည် သိမ်မွေ့တော်မူ၏၊ သတင်းရနေတော်မူ၏။ |
| ၁၅။ | هُوَ الَّذِي جَعَلَ لَكُمُ الْأَرْضَ ذَلُولًا فَامْشُوا فِي مَنَاكِبِهَا وَكُلُوا مِن رِّزْقِهِ وَإِلَيْهِ النُّشُورُ ۝<br>အရှင်သည် မြေကမ္ဘာအား သင်တို့၏ သြဇာခံအဖြစ် စီရင်သော အရှင် ဖြစ်၏။ ထိုမှ အရပ်တိုင်းအား လှည့်လည်ကြလော့၊ အရှင် ရိက္ခာထောက်ရာမှ စားသုံးကြလော့။ အရှင့်ထံသို့သာ ပြန်လည်စုဆုံရမည်တည်း။ |

---

ကြယ်တာရာတို့သည် လောင်ကျွမ်းခြင်း သတ္တိရှိသော မီးပန်းများဖြစ်သည်ဟု လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် တိတိကျကျပြောဆိုထားခြင်း ဖြစ်တော့သည်။ ထိုကြယ်တာရာတို့၏ ဂုဏ်သတ္တိအား မိရိုးဖလာ၌ အစွဲကြီးနေသူတို့မှာ သိနိုင်မည်မဟုတ်ဟု ကျမ်းတော်က တိတိကျကျ ပြောဆို ထားပေသည်။ ၎င်းကို “ထိုမကောင်းဆိုးဝါးတို့အတွက် မီးဒုံးများဖြင့် စီရင်ထား၏”ဟု ဆိုပေသည်။

(၁၀၇၀) အဝေးဆုံးသို့ ဆိုက်ရပြီ ဆိုသည်မှာ ပရမတ်ဘုရားရှင်နှင့် နီးစပ်ခွင့်တည်းဟူသော နိယာမမှ ဝေးကွာနေခြင်းကို ဆိုလိုပေသည်။

| | |
|---|---|
| ၁၆။ | أَأَمِنتُم مَّن فِي السَّمَاء أَن يَخْسِفَ بِكُمُ الأَرْضَ فَإِذَا هِيَ تَمُورُ<br>မြေကမ္ဘာ– ၎င်းသည် သွက်သွက်ခါ တုန်လှုပ်သောအခါ သင်တို့အား  မြိုလိမ့်မည် မဟုတ်ဟု– အထက်ကောင်းကင်မှ အရှင့်ထံမှ သင်တို့အား လုံခြုံမှုပေးထားသလော။ |
| ၁၇။ | أَمْ أَمِنتُم مَّن فِي السَّمَاء أَن يُرْسِلَ عَلَيْكُمْ حَاصِبًا فَسَتَعْلَمُونَ كَيْفَ نَذِيرِ<br>သင်တို့ အပေါ်သို့ လေပြင်းမုန်တိုင်းအား စေစားမည် မဟုတ်ဟု အထက်ကောင်းကင်မှ အရှင့်ထံမှ သင်တို့အား လုံခြုံမှု ပေးထားသလော။ ငါအရှင်၏ သတိပေးခြင်းသည် မည်သို့ ဖြစ်သည်ကို သူတို့ သိကြရလတ္တံ့။ |
| ၁၈။ | وَلَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَكَيْفَ كَانَ نَكِيرِ<br>သူတို့မတိုင်မီ ဖြစ်သူတို့သည် မုချ ငြင်းဆန်ခဲ့ကြပြီ။ ငါအရှင်၏ အသိအမှတ်မပြုခြင်းသည် မည်သို့ဖြစ်ဘိသနည်း။ |
| ၁၉။ | أَوَلَمْ يَرَوْا إِلَى الطَّيْرِ فَوْقَهُمْ صَافَّاتٍ وَيَقْبِضْنَ مَا يُمْسِكُهُنَّ إِلَّا الرَّحْمَنُ إِنَّهُ بِكُلِّ شَيْءٍ بَصِيرٌ<br>သူတို့ အပေါ်၌ စီတန်း ဖြန့်ခင်းလျက် ရှိသော ငှက်များကို မသုံးသပ်မိသလော။ ကရုဏာရှင်သည်သာ ၎င်းတို့အား နေရာ ချပေးထားခြင်း ဖြစ်၏။ ကေန်ပင် အရှင်သည် သဗ္ဗလုံးစုံအား မြင်သိနေတော်မူ၏။ |
| ၂၀။ | أَمَّنْ هَذَا الَّذِي هُوَ جُندٌ لَّكُمْ يَنصُرُكُم مِّن دُونِ الرَّحْمَنِ إِنِ الْكَافِرُونَ إِلَّا فِي غُرُورٍ<br>ကရုဏာရှင်အား အံတုပြိုင်ဆိုင်လျက် မည်သူသည် သင်တို့အား ကူညီနိုင်သည့် စစ်သည်တော်များ ဖြစ်သနည်း။ ဖုံးကွယ်သူတို့၌ မှောက်မှားခြင်းမှအပ အခြား မရှိချေ။ |
| ၂၁။ | أَمَّنْ هَذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ بَل لَّجُّوا فِي عُتُوٍّ وَنُفُورٍ<br>အကယ်၍ အရှင်က အရှင်၏ ရိက္ခာထောက်ခြင်းကို ရပ်ဆိုင်းထားလျှင်၊ သင်တို့အား မည်သူက ရိက္ခာထောက်နိုင်မည်နည်း။ အမှန်မှာ သူတို့သည် စက်ဆုတ် ရွံရှာဘွယ်ကောင်းခြင်း၌ အပတ်တကုတ်ရှိကြ၏။ |
| ၂၂။ | أَفَمَن يَمْشِي مُكِبًّا عَلَى وَجْهِهِ أَهْدَى أَمَّن يَمْشِي سَوِيًّا عَلَى صِرَاطٍ مُّسْتَقِيمٍ<br>မျက်နှာ အောက်စိုက် သွားလာသူသည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ပေါ်လွင်စွာ သွားလာသူထက် လမ်းမှန်ပိုရခြင်း ရှိသလော။ |
| ၂၃။ | قُلْ هُوَ الَّذِي أَنشَأَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ<br>ဟောလော့ "အရှင်သည် သင်တို့အား စတည်ဖွံ့ဖြိုးစေ၏၊ သင်တို့အား နား၊ မျက်လုံး၊ အာရုံများကို စီရင်ပေး၏။ သို့သော် အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြ၏။" |
| ၂၄။ | قُلْ هُوَ الَّذِي ذَرَأَكُمْ فِي الْأَرْضِ وَإِلَيْهِ تُحْشَرُونَ<br>ဟောလော့ "အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပြန့်ပွားစေ၏၊ အရှင့်ထံသို့သာ ပြန်လည်စုဆုံရမည်သားတည်း။" |
| ၂၅။ | وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ<br>သူတို့က "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ထိုကတိတော်မှာ မည်သည့်အခါ ဖြစ်မည်နည်း၊"ဟု ဆိုကြ၏။ |
| ၂၆။ | قُلْ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ<br>ဟောလော့ "ယင်းသည် ပရမတ်ဘုရားရှင်၏ ထံမှ အသိတော်၌သာ ရှိ၏။ ကျွန်ုပ်သည်ကား ရှိုးရှင်းစွာ သတိပေးသူပင်။" |
| ၂၇။ | فَلَمَّا رَأَوْهُ زُلْفَةً سِيئَتْ وُجُوهُ الَّذِينَ كَفَرُوا وَقِيلَ هَذَا الَّذِي كُنتُم بِهِ تَدَّعُونَ |

| | |
|---|---|
| | ၎င်းသည် ချဉ်းကပ်လာသည်ကို တွေ့မြင်သော အခါ၊ ဖုံးကွယ်သော သူတို့၏ မျက်နှာများသည် ထိတ်ထိတ်ပျာပျာ ဖြစ်လျှက် "ဤသည် သင်တို့ ဖိတ်ခေါ်ခဲ့သော အရာ ဖြစ်သလော၊"ဟု ဆိုကြ၏။ |
| ၂၈။ | قُلْ أَرَأَيْتُمْ إِنْ أَهْلَكَنِيَ اللَّهُ وَمَن مَّعِيَ أَوْ رَحِمَنَا فَمَن يُجِيرُ الْكَافِرِينَ مِنْ عَذَابٍ أَلِيمٍ ۝<br>ဟောလော့ "သင်တို့ မသုံးသပ်မိသလော၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၊ ကျွန်ုပ်နှင့်အတူ ရှိသူတို့အား တိမ်ကောပျက်စီးစေသည် ဖြစ်စေ၊ ကရုဏာသက်သည် ဖြစ်စေ၊ ဖုံးကွယ်သော သူတို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးမှ မည်သူက ကာကွယ်ပေးနိုင်မည်နည်း။" |
| ၂၉။ | قُلْ هُوَ الرَّحْمَنُ آمَنَّا بِهِ وَعَلَيْهِ تَوَكَّلْنَا فَسَتَعْلَمُونَ مَنْ هُوَ فِي ضَلَالٍ مُّبِينٍ ۝<br>ဟောလော့ "အရှင်သည် မဟာကရုဏာရှင် ဖြစ်၏။ ကျွန်ုပ်တို့သည် အရှင့်အား ယုံကြည်၏။ အရှင့်အား ယုံပုံကိုးစား၏၊ မည်သူသည် ရှင်းလင်းသော လမ်းလွဲ၌ ရှိသည်ကို သင်တို့သည် မကြာမီ သိရလတ္တံ့။" |
| ၃၀။ | قُلْ أَرَأَيْتُمْ إِنْ أَصْبَحَ مَاؤُكُمْ غَوْرًا فَمَن يَأْتِيكُم بِمَاء مَّعِينٍ ۝<br>ဟောလော့ "သင်တို့၏ ရေသည် ခြောက်သွေ့ ခန်းပျောက်သွားလျှင်၊ ထို့နောက် မည်သူက သင်တို့အား စီးထွေသော ရေကို ပေးလိမ့်မည်နည်း။" |